# ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးပါ။

## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲထည့်ဖို့ မမေ့ပါနဲ့။

Covid-19 ကြောင့် သင်၏ ဆန္ဒမဲပေးပိုင်ခွင့်ကို မဆုံးရှုံးပါစေနဲ့။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကိုလိုက်နာပါ။
သင်နှင့်သင့်ပတ်ဝန်းကျင်ကို ဘေးကင်းလုံခြုံစေပါ။




- နေမကောင်းဖြစ်ရင် အိမ်မှာပဲနေပါ။ ဆရာဝန်ကို ဆက်သွယ်၍ အကူအညီတောင်းခံပါ။
- တစ်ဦးနှင့်တစ်ဦး (၆) ပေ အကွာတွင်နေပါ။
- အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း (mask) တပ်ပါ။
- လက်ဆွဲနှုတ်ဆက်ခြင်းမှ ရှောင်ကြဉ်ပါ။
- လက်မဆေးဘဲ မျက်နှာကို မကိုင်တွယ်ပါနှင့်။
- နှာချေချောင်းဆိုးပါက တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို လုံခြုံအောင် ဖုံးအုပ်ပါ။
- ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောပါ။
- အသုံးပြုပြီးသော တစ်ရှူးစက္ကူများကို အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။ လက်ကို စနစ်တကျ စင်ကြယ်အောင်ဆေးကြောပါ။

## ဆန္ဒမဲမပေးခင် သင်ကူညီဆောင်ရွက်နိုင်သည့်အချက်များ




၁ သင့်ဖုန်းမှာ QR ကုတ်ဖတ်သည့် app ကိုဖွင့်ပါ။
၂ ဖုန်းမျက်နှာပြင်တွင် QR ကုတ်အား ရှင်းလင်းစွာမြင်သည်အထိ ချိန်၍ဖတ်ပါ။
၃ ဝက်ဘ်ဆိုက်သို့ဝင်ပါ။
၄ ပြည်ထောင်စုဖောင့်ကိုသာ အသုံးပြုရပါမည်။ (ဇော်ဂျီဖောင့် အသုံးပြု၍ မရပါ)

https://findyourpollingstation.uec.gov.mm

မဲဆန္ဒရှင်စာရင်းမှာ မိမိအမည် ပါ/မပါ သွားရောက်စစ်ဆေးဖို့ မမေ့ပါနဲ့။ အွန်လိုင်းမှလည်း မဲစာရင်း စစ်ဆေးနိုင်ပါသည်။

မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာစဉ်တွင် မိမိ၏ မဲစာရင်းအမှတ်စဉ်ကို မှတ်သားထားပါ။ ဖော်ပြပါ လင့်ခ်တွင်လည်း မိမိ၏ မဲရုံကိုရှာဖွေနိုင်ပါသည်။


ရွေးကောက်ပွဲကျင်းပသည့် နေ့တွင် သွားရောက်ဆန္ဒမဲ ပေးနိုင်ရန် မိမိ၏ မဲရုံကို သေချာစွာ မှတ်သားထားပါ။




သင်နှင့်သင့်ပတ်ဝန်းကျင်ကို ဘေးကင်းလုံခြုံစေပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို အချိန်ပြည့်လိုက်နာပါ။



## မဲရုံအတွင်း ဘေးကင်းလုံခြုံမှုရှိစေရန် သင်ကူညီဆောင်ရွက်နိုင်သည့်အချက်များ




- ဆန္ဒမဲထည့်ဝင်ရန် မသွားရောက်မီ ကြိုတင်၍ လက်ကို စက္ကန့် (၂၀) ကြာအောင် စနစ်တကျ ဆေးကြောပါ။
- မဲရုံပြင်ပတွင် ကပ်ထားကြေညာသည့် မဲဆန္ဒရှင်စာရင်း၌ မိမိအမည်ကို ရှာဖွေ၍ မဲစာရင်းအမှတ်စဉ်ကို မှတ်သားထားပါ။ မဲရုံအတွင်း ဝင်ရောက်သည့်အခါ သင့်အမည်အား မဲစာရင်းတွင် ရှာဖွေနိုင်ရန် လွယ်ကူစေပါမည်။
- မဲရုံပြင်ပနှင့် မဲရုံအတွင်း တစ်ဦးနှင့်တစ်ဦး (၆)ပေ အကွာတွင်နေပါ။
- (ဖြစ်နိုင်ပါက) မိမိ၏ ကိုယ်ပိုင် ပါးစပ်နှင့် နှာခေါင်းစည်း (mask) အသုံးပြုပါ။
- မဲရုံသို့ မိမိ၏ ကိုယ်ပိုင် ဘောပင် ယူဆောင်လာပါ။
- မဲရုံအတွင်းရှိ ရေမလို လက်သန့်စင်ဆေးရည် (hand sanitizer) ကိုအသုံးပြုပါ။


**မဲရုံဝန်ထမ်းအဖွဲ့ဝင်များ၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ပါ။ အပြုသဘောဆောင်၍ တည်ငြိမ်စွာနေပါ။**
**အထက်ပါအကြောင်းအရာများအတိုင်း လိုက်နာဆောင်ရွက်လျှင် ဆန္ဒမဲပေးခြင်းက ဘေးကင်းလုံခြုံမှုရှိပါသည်။**

## ဘေးကင်းလုံခြုံသော ဆန္ဒမဲပေးမှုအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မဲရုံအဖွဲ့ဝင်များမှ ကူညီဆောင်ရွက်နိုင်သည့်အချက်များ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက် ဘေးကင်းလုံခြုံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား အလျဉ်းသင့်သလို အချိန်မီပြင်ဆင်ဆောင်ရွက်ရန်။

မဲရုံဝန်ထမ်းအဖွဲ့ဝင်များအားလုံးကို ကြိုတင်၍ ကောင်းမွန်စွာသင်တန်းပေးထားရန်။

မဲရုံပြင်ပနှင့် မဲရုံအတွင်း ခပ်ခွာခွာ နေထိုင်မှုအတွက် ကြမ်းပြင်အမှတ် အသားများ ရှင်းရှင်းလင်းလင်း သတ်မှတ်ထားရန်။




မဲရုံမှူးက မဲရုံအတွင်းနှင့်မဲရုံပြင်ပ စနစ်တကျတန်းစီမှုရှိစေရန်အတွက် တာဝန်ယူကြပ်မတ်ရန်။

မဲရုံဝန်ထမ်းအဖွဲ့ဝင်အားလုံး ပါးစပ်နှင့်နှာခေါင်းစည်း (Mask) များ စနစ်တကျ တပ်ဆင်လျက် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ကြစေရန်။

မဲရုံများတွင် ရေမလိုလက်သန့်စင်ဆေးရည် (hand sanitizers) များ ထားရှိရန်။

Australian Aid
Canada
DENMARK
Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development and Cooperation SDC
UKaid
USAID FROM THE AMERICAN PEOPLE
INTERNATIONAL FOUNDATION FOR ELECTORAL SYSTEMS IFES 30 Years

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လူမှုကွန်ရက်စာမျက်နှာ
https://web.facebook.com/uecmyanmar

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဘ်ဆိုက်
https://www.uec.gov.mm